British Embassy
Rangoon

# သတင်းထုတ်ပြန်ချက်။ ၂၀၁၄ ခုနှစ် ဧပြီလ ၁၀ ရက်

---

## ၂၀၁၄ ခုနှစ် ဧပြီလ ၂၀ ရက်မှ စတင်ပြီး ဗြိတိန်နိုင်ငံတွင် ခြောက်လထက်ပိုသော တာရှည် နေထိုင်ရန် ပြည်ဝင်ခွင့် ဗီဇာကို မြန်မာနိုင်ငံတွင် လျှောက်ထားသူများ ပြည်ဝင်ခြင်းမပြုမီ အဆုတ်နာတီဘီ ရောဂါ  ကြိုတင် စစ်ဆေးရန် လိုအပ်ပါသည်။ ကာလတို နေထိုင်မည့် ခရီးသွား ပြည်ဝင်ခွင့်ဗီဇာ၊ လုပ်ငန်းကိစ္စ ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားသူများနှင့် မသက်ဆိုင်ပါ။

ဗြိတိန်နိုင်ငံတွင် ခြောက်လထက်ပိုသော တာရှည်နေထိုင်ရန် ပြည်ဝင်ခွင့်ဗီဇာအတွက် မြန်မာနိုင်ငံတွင် လျှောက်ထားသူများ အားလုံး ၂၀၁၄ ခုနှစ် ဧပြီလ ၂၀ ရက်မှ စတင်ပြီး ပြည်ဝင်ခြင်းမပြုမီ အဆုတ်နာ ရောဂါ (တီဘီ) ကင်းရှင်းကြောင်း စစ်ဆေး အတည်ပြုချက် တင်ပြရန် လိုအပ်ပါလိမ့်မည်။ ခရီးသွာများနှင့် အခြား ကာလတို နေထိုင်သူ ဧည့်သည်များနှင့် လုံးဝ မသက်ဆိုင်ပါ။

မြန်မာနိုင်ငံအပါအဝင် နောက်ထပ် ၆၇ နိုင်ငံမှ တာရှည် ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားသူများအတွက် ပြည်ဝင်ခြင်း မပြုမီ တီဘီ စစ်ဆေးခြင်း လိုအပ်ချက်ကို တိုးချဲ့သတ်မှတ်သွားမည်ဟု ၂၀၁၂ ခုနှစ် မေလတွင် ဗြိတိန်အစိုးရက ကြေညာခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်သော တီဘီ ရောဂါဖြစ်ပွားနှုန်း မြင့်မားခြင်းနှင့် စပ်လျဉ်းသည့် ကိန်းဂဏန်းအချက်အလက်များအပေါ်တွင် အခြေခံထားပါသည်။ ယခုကဲ့သို့ သတ်မှတ်ခြင်းသည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ သြစတြေးလျ၊ နယူးဇီလန်တို့ အပါအဝင် တခြားနိုင်ငံများ၏ သတ်မှတ်ချက်နှင့် ကိုက်ညီသွားစေပါသည်။ အဆိုပါ ပြောင်းလဲသတ်မှတ်ချက်မှာ ၂၀၁၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့မှ စတင်တင်သွင်းသော လျှောက်လွှာများအတွက် အကျုံးဝင်သွားမည် ဖြစ်ပါသည်။

### တီဘီ စစ်ဆေးရန် မည်သူတွေ လိုအပ်ပါသနည်း

<u>ခြောက်လထက် ပိုသော</u> ဗြိတိန်နိုင်ငံ တာရှည် ပြည်ဝင်ခွင့်ဗီဇာများကို မြန်မာနိုင်ငံ၌ လျှောက်ထားသူများသာ ပြည်ဝင်ခြင်း မပြုမီ တီဘီ စစ်ဆေးရန် လိုအပ်ပါလိမ့်မည်။ ယင်းတွင် အလုပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ကျောင်းသားအဖြစ်ဖြစ်စေ၊ အခြေချ နေထိုင်ရန်ဖြစ်စေ ပြည်ဝင်ခွင့် လျှောက်ထားသူ မည်သူမဆို အကျုံးဝင်ပါသည်။

ခရီးသွားများ၊ မိသားစုများထံ အလည်အပတ်သွားရောက်သူများအပါအဝင် စီးပွားရေးလုပ်ငန်းနှင့် အခြား ကာလတိုနေထိုင်မည့် ဧည့်သည်များမှာ ပြည်ဝင်ခြင်းမပြုမီ တီဘီ စစ်ဆေးရန် မလိုအပ်ပါ။ ယင်းတွင် ၂ နှစ်၊ ၅ နှစ်၊ ၁၀ နှစ် ဧည့်သည် ပြည်ဝင်ခွင့် ဗီဇာလျှောက်ထားသူများလည်း ပါဝင်ပါသည်။ အကြောင်းမှာ (အဆိုပါ ဧည့်သည်တစ်ဦး) ဗြိတိန်နိုင်ငံတွင် အကြာဆုံး နေထိုင်နိုင်သည့် ကာလမှာ တစ်ကြိမ်လျှင် ခြောက်လတာသာ သတ်မှတ်ထားသဲ ဖြစ်သောကြောင့်တည်း။

**မြန်မာနိုင်ငံ၌ အတည်ပြုထားသော ပြည်ဝင်ခြင်းမပြုမီ တီဘီ စစ်ဆေးသည့် ဆေးရုံဆေးခန်းများ**

ပြည်ဝင်ခြင်းမပြုမီ စစ်ဆေးမှုလိုအပ်သော လျှောက်ထားသူများသည် ဗြိတိန်အစိုးရက အတည်ပြုထားသော ဆေးရုံ ဆေးခန်းမှ လက်မှတ်ကို မလွဲမသွေ ရယူရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ အတည်ပြုထားသော ဆေးရုံ ဆေးခန်းမှာ **IOM Health Assessment Clinic** (အသေးစိတ်ကို အောက်တွင် ရှု။) တစ်ခုတည်းသာ ဖြစ်ပါသည်။ စစ်ဆေးရန် လိုအပ်သူများသည် ပြည်ဝင်ခွင့် ဗီဇာ လျှောက်ထားခြင်းမပြုမီ သက်တမ်းမကုန်သေးသော လက်မှတ်ကို မလွဲမသွေ ရယူထားရပါမည်။ ဗြိတိသျှ သံရုံးတွင် မိမိတို့၏ ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားမှုအတွက် လူတွေ့ မေးမြန်းရာတွင် တီဘီစစ်ဆေးမှု လက်မှတ်ကို မလွဲ မသွေ တင်ပြရမည်ဖြစ်သည်။  စစ်ဆေးခြင်းအတွက် ကျသင့်ငွေကို ဆေးရုံသို့ တိုက်ရိုက်ပေးဆောင်ရပါလိမ့်မည်။ လတ်တလော စစ်ဆေးခမှာ အရွယ်ရောက်သူများအတွက် ကျပ် တစ်သိန်းနှစ်သောင်းဖြစ်ပြီး ၁၁ နှစ်အောက် ကလေးငယ် များအတွက် ကျပ် ငါးသောင်းဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ စျေးနှုန်းမှာ အပြောင်းအလဲ ရှိနိုင်ပါသည်။

**မြန်မာနိုင်ငံ၌ တီဘီစစ်ဆေးမှုအတွက် အတည်ပြုထားသော ဆေးရုံ**

IOM Health Assessment Clinic

**ပန်းလှိုင်ဆေးရုံ**
**အလွှာ ၁၊ ပန်းလှိုင်ဂေါက်ကွင်းရိပ်သာ**
**လှိုင်သာယာ မြို့နယ်၊ ရန်ကုန်မြို့**

**ကြိုတင် ချိန်းဆိုရန် 01 210 588 သို့ ဆက်သွယ်ပါ။**

## အသေးစိတ်သိရှိလိုပါက

တီဘီစစ်ဆေးခြင်းနှင့် ပတ်သက်ပြီး ယေဘုယျ သတင်းအချက်အလက်ကို အောက်ပါလင့်(ခ်)တွင် ဖတ်ရှုပါ။
https://www.gov.uk/tb-test-visa

**မြန်မာနိုင်ငံတွင် တီဘီစစ်ဆေးခြင်းနှင့် ပတ်သက်ပြီး** ဆောင်ရွက်ရမည့် အချက်အလက်များကို သိလိုပါက အောက်ပါလင့်(ခ်)တွင် ဖတ်ရှုပါ။
https://www.gov.uk/government/publications/tuberculosis-test-for-a-uk-visa-clinic-in-burma/tuberculosis-testing-in-burma

## မီဒီယာများ စုံစမ်းရန်

မီဒီယာများအနေဖြင့် သိရှိလိုသည်များကို ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံး၊ ၈၀ ကမ်းနားလမ်း၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ ဖုန်း + ၉၅ ၁ ၃၇၀၈၆၃၊၃၇၀၈၆၄၊ ၃၇၀၈၆၅ သို့ဖြစ်စေ၊ Press.Officer@fco.gov.uk သို့ဖြစ်စေ ဆက်သွယ်မေးမြန်း နိုင်ကြပါသည်။ ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးသတင်းများကို www.facebook.com/fcoBurma တွင် စဉ်ဆက်မပြတ် ကြည့်ရှုနိုင်ကြပါသည်။